Australian Government

Job Services Australia™
people • skills • jobs

# လုပ်ငန်းခွင် အတွေ့အကြုံ - လစာမဲ့ လုပ်ငန်းခွင်အတွေ့အကြုံရှာခြင်း အလုပ်

လစာမဲ့ လုပ်ငန်းခွင်အတွေ့အကြုံရှာခြင်း အလုပ် (Unpaid Work Experience Placement) ဆိုသည်မှာ တကဲ့လက်တွေ့ လုပ်ငန်းခွင်နှင့် အလားတူသောနေရာတွင် သီးခြား အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အလုပ်အတွေ့အကြုံ ရနိုင်ရန်အတွက် စေတနာ့ဝန်ထမ်း အလုပ်လုပ်ပေးခြင်းကို ခွင့်ပြုသော အဖွဲ့အစည်းအတွင်း အလုပ်လုပ်ခြင်းဖြစ်သည်။

Unpaid Work Experience အနေနှင့် ထောက်ပံ့ကြေးအတွက် အလုပ်လုပ်ပေးရခြင်း (Work for the Dole) ကဲ့သို့သော အခြားသော Work Experience လုပ်ဆောင်မှု အမျိုးအစားများတွင် မရနိုင်သော အလုပ်များကို သီးခြား စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းအတွင်း ချထားပေးနိုင်သည်။ အလုပ်နေရာ ချထားပေးခြင်းမှာ သာမန်အားဖြင့် လေးပါတ်အထိ ကြာမြင့်သည်။

Unpaid Work Experience Placement ဆိုသည်မှာ အလုပ်အကိုင် လည်းမဟုတ်၊ လေ့ကျင့်ရေးသင်တန်းလည်းမဟုတ်၊ သို့မဟုတ် အလုပ်သင်လည်းမဟုတ်ပါ။ ထို့အပြင် ရှေ့ဆက်လက်ပြီး အလုပ်အကိုင်ရရှိနိုင်သော ဖြစ်နိုင်ခြေရှိမှသာလျှင် ပြုလုပ်သင့်သည်။

## မည်သူတွေ ပါဝင်ဆောင်ရွက်နိုင်သလဲ?

Unpaid Work Experience Placement ကို သင့်အနေနှင့် စေတနာ့ဝန်ထမ်း အခြေခံအားဖြင့်သာလျှင် လုပ်ဆောင်နိုင်သည်။

Unpaid Work Experience Placements များကို အသက် ၁၈ နှစ်နှင့်အထက်ရှိ အလုပ်ရှာသူများက အောက်ဖေါ်ပြပါ အချက်တစ်ခုခုနှင့် ပြည့်စုံလျှင် ရနိုင်သည် -

- ဝန်ဆောင်မှုလမ်းကြောင်းတွင် လုပ်ငန်းခွင်အတွေ့အကြုံ ရှာသည့်အဆင့် (Work Experience Phase of Stream Services) တွင်ရှိနေလျှင်၊ သို့မဟုတ်
- မသန်မစွမ်းသူများ အလုပ်ရှာဖွေရေး ကွန်ယက်အဖွဲ့ဝင် (Disability Employment Network) သို့မဟုတ် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှု (Vocational Rehabilitation Service) မှတဆင့် အလုပ်ရှာနေသူဖြစ်လျှင်၊

ဩစတြေးလျှားနိုင်ငံ အလုပ်ရှာဖွေရေးဝန်ဆောင်မှု (Job Services Australia) မှ ဝန်ဆောင်မှုပေးသူ သို့မဟုတ် Disability Employment Network အဖွဲ့ဝင် သို့မဟုတ် Vocational Rehabilitation Service ဝန်ဆောင်မှုပေးသူအနေနှင့် သင် Unpaid Work Experience Placement တွင် ပါဝင်လုပ်ဆောင်နိုင်ခွင့်ရှိ၊ မရှိ ဆိုသည်ကို သင့်အားပြောပြနိုင်ပါလိမ့်မည်။

## လျှောက်ထားရန် နည်းလမ်း

အကယ်၍သင်သည် Unpaid Work Experience Placement တွင်ပါဝင်ရန် စိတ်ပါဝင်စားပါက သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူ၊ Disability Employment Network အဖွဲ့ဝင် သို့မဟုတ် Vocational Rehabilitation Service ဝန်ဆောင်မှုပေးသူကို ဆက်သွယ်ပြီး သက်ဆိုင်ရာ အချက်အလက်များကို မေးသင့်သည်။

## သင်၏ တာဝန်ဝတ္တရားများ

အကယ်၍သင်သည် ထောက်ပံ့ကြေးရရန် လိုအပ်ချက်များကို ဆောင်ရွက်ရသော Newstart, လူငယ်ထောက်ပံ့ကြေး (Youth Allowance) သို့မဟုတ် မိဘများကို ပေးသည့် ထောက်ပံ့ကြေး (Parenting Payment) ရရှိနေသူဖြစ်ပါက သင် အလုပ်ရှာရန်လိုအပ်ပြီး သင်အလုပ်ရရှိရေးအတွက် လုပ်ဆောင်ရန် လိုအပ်သည်များကို ပြုလုပ်ရမည် ဖြစ်သည်။

သင့်အား Job Services Australia ဝန်ဆောင်မှုပေးသူက သင်နှင့်ဆိုင်သော အချက်အလက်များကို စဉ်းစားပြီး သင်နှင့်ကိုက်ညီသော အလုပ်များကို သင်၏ အလုပ်လမ်းကြောင်းအစီအစဉ် (Employment Pathway Plan) ထဲတွင် ထည့်သွင်းရန် သင်နှင့် ညှိနှိုင်းဆွေးနွေးမည်။

အကယ်၍ သင်သည် မိမိပါဝင်လုပ်ဆောင်ရမည်များကို မလုပ်ဆောင်နိုင်ခဲ့လျှင် သင်၏ ဝန်ဆောင်မှုပေးသူနှင့် ဆွေးနွေးသင့်သည်။ အကယ်၍ သင်သဘောတူထားသည့် လုပ်ဆောင်ရမည်များကို လုပ်ဆောင်ရန် ပျက်ကွက်ပါက သင့်ထောက်ပံ့ကြေးများကို ထိခိုက်နိုင်ပါသည်။

## သင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံမှု

သင့်ကိုယ်ရေးကိုယ်တာအချက်အလက်များကို *ကိုယ်ရေးကိုယ်တာအချက်အလက်များ လုံခြုံမှု အက် ဥပဒေ ၁၉၈၈ (Privacy Act 1988)* ဖြင့် အကာအကွယ်ပေးထားပြီး သင့်အကြောင်းကိုလည်း *လူမှုဖူလုံရေးဆိုင်ရာ (အုပ်ချုပ်မှု) ဥပဒေ ၁၉၉၉ (Social Security (Administration) Act 1999)* ဖြင့် ကာကွယ်ထားနိုင်ပါသည်။ (ဥပမာ၊ သင် ဝင်ငွေဆိုင်ရာထောက်ပံ့ကြေး ရနေ၊ မနေ) သင်နှင့်ဆိုင်သော အချက်အလက်များကို သင့် လိုအပ်ချက်များအား အဖွဲ့အစည်းများမှ အသင့်တော်ဆုံး ဖြည့် ဆီးပေးနိုင်ရန်အတွက် Job Services Australia ဝန်ဆောင်မှုပေးသူများ၊ Disability Employment Network အဖွဲ့ဝင်များ သို့မဟုတ် Vocational Rehabilitation Service ဝန်ဆောင်မှုပေးသူများ၊ ပညာရေး၊ အလုပ်အကိုင်နှင့် လုပ်ငန်းခွင် ဆက်ဆံရေးဆိုင်ရာဌာန (Department of Education, Employment and Workplace Relations) (DEEWR), Centrelink နှင့် အခြားသော ဩစတြေးလျှားနိုင်ငံ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် အချက်အလက်များ ဖလှယ် အသုံးပြုနိုင်သည်။

သင့်ကိုယ်ရေးကိုယ်တာ အချက်အလက်များဆိုင်ရာ လုံခြုံမှုနှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူ၊ Disability Employment Network အဖွဲ့ဝင် သို့မဟုတ် Vocational Rehabilitation Service ဝန်ဆောင်မှုပေးသူ သို့မဟုတ် DEEWR ကိုမေးပါ။ သို့မဟုတ် **privacy.gov.au** တွင် ဖတ်ကြည့်ပါ။

7FS09446JSA/burmese

# ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအတွက် အာမခံခြင်း

## ဝန်ဆောင်မှုအတွက် အာမခံခြင်း

သင့် တစ်ဦးခြင်းလိုအပ်ချက်နှင့် ကိုက်ညီသော ဝန်ဆောင်မှုကို သင့်
Job Services Australia ဝန်ဆောင်မှုပေးသူထံမှ စဉ်ဆက်မပြတ် ရနေမည်ဖြစ်သည်။
ဤဝန်ဆောင်မှုများသည် သင့်လက်ရှိနှင့် နောက်ခံအခြေအနေကို အရေးထားပါသည်။
ဝန်ဆောင်မှုဆိုင်ရာ အာမခံခြင်းများအားလုံးကို သင့်အနေနှင့် ဖတ်ကြည့်လိုပါက
**deewr.gov.au/jobservicesaustralia** တွင် ကြည့်ပါ။

## လုပ်ငန်းဆိုင်ရာကျင့်ဝတ်

Job Services Australia ဝန်ဆောင်မှုပေးသူများသည် ဩစတြေးလျားနိုင်ငံအစိုးရမှ
ထောက်ပံ့သော အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ရန်
ကန်ထရိုက်ရထားသူများ ဖြစ်ကြပြီး အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုများ၏ လုပ်ငန်းဆိုင်ရာ
ကျင့်ဝတ်များကို လိုက်နာရန်နှင့် ကျင့်သုံးရန် အတွက် သဘောတူထားကြသူများဖြစ်သည်။
လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များအကြောင်း ဖတ်ကြည့်လိုပါက
**deewr.gov.au/jobservicesaustralia** တွင် ဖတ်ပါ။

# ပိုမိုသိလိုပါက

**13 17 64** ကို ဆက်သွယ်ပါ၊ သို့မဟုတ်
**deewr.gov.au/jobservicesaustralia** တွင် ဖတ်ပါ။